
(1)

သဒ္ဒစကား ၁-၁၉

ဝိညာဉ်ရေးရာစာစောင်

အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍ နားမထောင်ဘဲနေ၏။ ထိုသူသည် သဲပေါ်မှာ အိမ်ဆောက်သော လူမိုက်နှင့် တူကြောင်းကို ငါပုံပြမည်။ မဿဲ ၇း၂၆

အမှတ်စဉ် ( ၁၉ )　　　မတ်လ　　　၂၀၀၃ ခုနှစ်　　　စပွန်ဆာ ( ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချီသည် )



"ရေ အသက် တစ်မနက်၊ ထမင်းအသက် ခုနစ်ရက် " ဆိုတဲ့စကားကို လူတော်တော်များများသိပြီးဖြစ်ပါတယ်။ ရေ ဟာ အသက်ရှိတဲ့ သတ္တဝါတိုင်း အသက်ရှင် ရပ်တည်နေထိုင်ဖို့အတွက် မရှိမဖြစ် လိုအပ်တဲ့ အရာတစ်ခုဖြစ်ပါတယ်။ ကျွန်မ ရေ ကို သိပ်ကြိုက်ပါတယ်။ အမြဲတမ်း ရေဆာတတ်တဲ့ အကျင့်လည်း ရှိပါတယ်။ ဒါကြောင့် ဘယ်နေရာသွားသွား၊ ဘာလုပ်လုပ်၊ ရေ အပြဲဆောင်ထားရသလို နေ့စဉ်နေ့တိုင်း ရေများများ သောက်လေ့ရှိပါတယ်။ ကျွန်မလိုဘဲ လူတိုင်း ရေသောက်ကြတယ်။ ရေ ဆာလာပြီဆိုရင်လည်း ဆာလောင်မှုကို နည်းမျိုးစုံနဲ့ ဖြေရှင်းကြမှာဘဲလို့ ကျွန်မ ထင်ပါတယ်။ အခု ကျွန်မပြောတဲ့ ရေ ဟာ ကျွန်မဘဝကို သင်ခန်းစာ ပေးခဲ့ပါတယ်။

တစ်နေ့ ... ကျွန်မ အလုပ်လုပ်နေတဲ့ **Peace Heaven Nursing Home** က **Peacock** အဆောင်မှာ ညဘက် ဂျူတီ တာဝန် ထမ်းဆောင်နေတုန်း ကျွန်မတို့ ဌာနက **Ang Peng Hung** ဆိုတဲ့ တရုတ်အမျိုးသမီး လူနာတစ်ယောက် သူ့ကုတင်မှာ မတွေ့ရဘဲ၊ ပျောက်ခြင်းမလှ ပျောက်ဆုံး နေတာကို တွေ့ရပါတယ်။ သိသိခြင်း ကျွန်မ ခေါင်းကြီးသွားပါတယ်။ အဲဒီနေ့က ညဘက် တာဝန်ချိန်မှာ ကျွန်မက အလုပ်တာဝန်ခံ ဖြစ်တဲ့အတွက် ပြဿနာ တစ်ခုခုပေါ်ရင် ကျွန်မမှာ တာဝန်အများကြီးရှိပါတယ်။ ကျွန်မ ကြည့်ရှုပြုစုရတဲ့ သူဟာ ကျောက်ကပ်ရောဂါ ( **Nephrotic syndrome)** ဝေဒနာရှင် တစ်ဦးဖြစ်တဲ့အတွက် ပိုပြီး ဂရုစိုက်ရတဲ့သူဖြစ်ပါတယ်။ သူဟာ လမ်းလဲကောင်းကောင်း မလျှောက်နိုင်ပါဘူး။ ကျောက်ကပ်ရောဂါသည် ဖြစ်တဲ့အတွက် သာမာန်လူထက် ပိုပြီး ရေငတ်တတ်ပါတယ်။

ခဏကြာတော့ ရေချိုးခန်းထဲက ရေသံကြားလို့ သွားကြည့်မိတော့ **Ang Peng Hung** ဟာ မီးမှောင်နေတဲ့ အခန်းထဲမှာ လေးဘက်ထောက်နဲ့ လက်ဆေး ကြွေဇလုံဆီ သွားပြီး ကြွေဇလုံမှာ မေးတင်ပြီး ရေပိုက်ကိုဖွင့်၊ ရေကို အငမ်းမရသောက်နေတာကို တွေ့လိုက်ရပါတယ်။ ကျောက်ကပ်ရောဂါသည် တစ်ဦးဟာ ရေ တစ်နေ့ကို **800 CC** လောက်ဘဲ သောက်ခွင့်ရှိပါတယ်။ အဲဒီပမာဏ ထက်ပိုပြီးသောက်မိရင် ကျောက်ကပ်ပျက်စီးပြီး အသက်အန္တရာယ်ကို ရှိုးရှိမ်ရပါတယ်။ ဒီအချက်တွေကို သူသိပေမဲ့ သူ့ရဲ့ ဆာလောင်မှုကို မခံနိုင်ဘဲ၊ ချက်ခြင်းဆိုသလို ကြံတဲ့နည်းနဲ့ ဖြေရှင်းလိုက်ပါတယ်။ ကျွန်မ သူ့ကို ကုတင်ပေါ် အသာအယာ ပြန်တင်ပေးပြီး ရေငတ်နေတဲ့ လူနာရဲ့ မျက်နှာကို ကြည့်ပြီး ကရုဏာ သက်သွားမိပါတယ်။ သင်ခန်းစာလည်း ရသွားပါတယ်။

ကျွန်မနဲ့ မိတ်ဆွေတို့လည်း လူသားများဖြစ်တဲ့အလျောက် ရေ ကိုအာငတ်သလို၊ လူ့ဘဝမှာ အလိုဆန္ဒ အဖွဲ့ရဲ့ ဆာလောင်မွတ်သိပ်မှုကို မလွဲမသွေ ကြုံရမှာဖြစ်ပါတယ်။ ဒီမွတ်သိပ်မှု မျိုးစုံကိုလည်း မိမိနည်း မိမိဟန်နဲ့ အငမ်းမရ ကြိုးစားဖြေရှင်းမိကြမှာပါ။

သမ္မာကျမ်းစာထဲမှာလည်း လင် ငါးယောက်ရှိဖူးတဲ့ ရှမာရီအမျိုးသမီးဟာ သူ့ဘဝရဲ့ သွေးသားတောင့်တ ဆာငတ်မှုကို နောက်ထပ် အမျိုးသားတစ်ယောက်နဲ့ အတူနေပြီး ဖြေရှင်းခဲ့တာကို ခရစ်တော်ဘုရားရှင်က သိတယ်။ သူ့ဘဝမှာ ဆာငတ်နေတဲ့ လိုအပ်မှုကို သိလိုက်တဲ့ ခရစ်တော်က ' ယော ၄း၁၄ ' " ငါပေးသော ရေ ... ... စမ်းရေဖြစ်လိမ့်မည်။ " ခရစ်တော်ပေးတဲ့ သက်စမ်းရေကို သောက်လိုက်ရတဲ့ ဒီ ရှမာရီ အမျိုးသမီးဟာ သူ့ဘဝရဲ့ ဆာငတ်မွတ်သိပ်မှု အလုံးစုံဖြစ်တဲ့ ဝိညာဉ်ကယ်တင်ခြင်း ( ယခုဘဝ၊ နောက်ဘဝ )။ ခန္ဓာကယ်တင်ခြင်း ( အနာရောဂါငြိမ်းခြင်း )၊ စိတ်ကယ်တင်ခြင်း ( ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း )၊ ပစ္စည်းဥစ္စာ ကယ်တင်ခြင်း ( စားဝတ်နေရေး အဆင်ပြေမှု ) နဲ့ နတ်ဆိုး ဝိညာဉ်ဆိုး လက်မှ ကယ်တင်ခြင်းဆိုတဲ့ ဆုကျေးဇူးတွေကို သူ့ရဲ့ စိတ်နှလုံးထဲမှာ ခံစားလိုက်ရတဲ့ အခါ သူဟာ ခရစ်တော်ကို ကယ်တင်ပိုင်ရှင်အနေနဲ့ လက်ခံယုံကြည်ရုံသာမက သူ့လို ဘဝရဲ့ ဆန္ဒ ဆာငတ်မွတ်သိပ်နေတဲ့ သူ့ရဲ့ ရှမာရီ လူမျိုးတွေဆီ သွားရောက်သက်သေခံပြလို့

မင်း　အောင် သက် လွင် ဝီ　ဝဉ်　ထုတ်　ဝေ　သည်

## သခင့်စကား ၂-၁၉

အဲဒီမြို့မှာ ရှိတဲ့ လူတွေဟာ ခရစ်တော်ရဲ့ နှုတ်ကပါတ်တော် ( သက်စမ်းရေ ) ကိုကြားနာပြီး လက်ခံယုံကြည်လို့ အလုံးစုံသော ကယ်တင်ခြင်းခံစားရတယ်ဆိုတာ ( ယော ၄း၄၁-၄၂ ) မှာဖော်ပြထားပါတယ်။

မိတ်ဆွေ ... ခရစ်တော် ဘုရားရှင်ဟာ လူသားတွေကိုချစ်လို့ လူသားတွေအပြစ်အတွက် လက်ဝါးကပ်တိုင်မှာ နာကျင်ခြင်းပေးနာခံပြီး ၃ ရက်မြောက်သော နေ့မှာ ရှင်ပြန်ထမြောက်ခဲ့ပါတယ်။ ခရစ်တော်ဘုရားဟာ မိမိတို့ရဲ့ ဘဝဆာလောင်မှု အမျိုးမျိုးကိုဖြေသိမ့်ပေးနိုင်တယ်ဆိုတဲ့ နှုတ်ကပါတ်တော် ( သက်စမ်းရေ ) ကတိစကားကို လက်ခံယုံကြည်ခဲ့ပါလျှင် ဒီဆာလောင်မှုကို ဖြေဖျောက်ပေးမှာဖြစ်ပါတယ်။ ( ယော ၁း၄ )

နှုတ်ကပါတ်တော် ဟာ လူသားအားလုံးအတွက် "အသက်" ဖြစ်တယ်ဆိုတာ အတိအကျဖော်ပြထားပါတယ် မိတ်ဆွေ။ ခရစ်တော် ဘုရားရှင်ဟာ လူသားတွေရဲ့ ဆာငတ်မွတ်သိပ်မှုကို ကိုယ်ချင်းစာပေးတဲ့ ဘုရားဖြစ်ပါတယ်။ သူကိုယ်တိုင် လူ့ဇာတိခံပြီး လူ့လောကထဲကို ကြွဆင်းလာခဲ့တာမို့ လူသားတစ်ယောက်ရဲ့ ခံစားချက်၊ ဆာငတ်မွတ်သိပ်မှုတွေ သူ့ဆီမှာ ရှိနေတာကို ( မဿဲ ၄း၂၊ ယော ၄း၆ ) မှာ "ယေရှုသည် ခရီးသွား၍ ပင်ပန်းသောကြောင့်" လို့ရေးသားထားတာ တွေ့ရပါတယ်။

မိတ်ဆွေရဲ့ဘဝမှာ ငြိမ်သက်ခြင်း၊ ဝမ်းမြောက်ခြင်း၊ ဒုစရိုက်ထဲမှ လွတ်မြောက်ခြင်း၊ အနာရောဂါကင်းပျောက်ခြင်း၊ အထူးသဖြင့် ထာဝရအသက်ရှင်လိုသော ဆန္ဒ ရှိပါသလား။ ခရစ်တော်ဘုရားကို လက်ခံယုံကြည်ပြီး နှုတ်ကပါတ်တော် ( သက်စမ်းရေ ) အတိုင်း အသက်ရှင်ပါက လိုအင်ဆန္ဒနဲ့ ဆာလောင်မွတ်သိပ်မှု မျိုးစုံကို ခရစ်တော် ဘုရားက အလိုတော်နဲ့အညီ ဖြည့်ဆည်းပေးမှာ ဖြစ်ပါတယ်။ သင့်ရဲ့ ဆာငတ်မွတ်သိပ်မှုကို "အမင်္ဂလာမှ မင်္ဂလာ" ဖြစ်စေပြီး သင့် နှလုံးသားအတွင်းထဲက ဘုရားသခင်ကို ဆာငတ်တောင့်တခြင်းတွေ ပြေပျောက်စေဖို့အတွက် နဲ့ ကောင်းချီးမင်္ဂလာ သင့် ဆီကျရောက်လာဖို့ ကျွန်မနဲ့ အတူ ဆုတောင်းကြရအောင် ... ...

အကျွန်ုပ်၏ အတွင်း ဆန္ဒ ကို သန့်ရှင်းစင်ကြယ်စေသော ခရစ်တော်ဘုရား ...
ကိုယ်တော်၏ အသက်ရှင်သော ရေ ကို ကျွန်ုပ် ငတ် လှပါ၏။
ကိုယ်တော်၏ ဖြောင့်မတ်ခြင်း ရေ ကို အကျွန်ုပ် ငတ်လှပါ၏။
ကိုယ်တော်၏ အသစ်သော ရွှင်လန်းခြင်း ရေ ကို အကျွန်ုပ် ငတ်လှပါ၏၊
ကိုယ်တော်၏ အသက်မုန့်ကို အကျွန်ုပ် ငတ်လှပါ၏။
ကိုယ်တော်၏ နှုတ်ကပါတ်တော် အသားကို အကျွန်ုပ် ငတ်လှပါ၏။
ကျွန်ုပ်တို့ အလိုချင်ဆုံးမှာ ထာဝရ ရှင်သန်ခြင်း အသက်အတွက် ခရစ်တော်ဘုရားကို ဆာငတ် မွတ်သိပ်လှပါ၏။

ခရစ်တော်၏ အသက်ရေထွက်ရာ စမ်းရေသည် အကျွန်ုပ် နှလုံးသားအတွင်းထဲသို့ စီးဆင်းစေပါ။
ထို အသက်ရေသည် အကျွန်ုပ်တို့အထဲမှ အပြင်သို့ တဖန်စီးဆင်းစေခြင်းဖြင့် ခရစ်တော်ဘုရား၏ ဝိညာဉ်မြစ်ရေသည် စီးမြဲ စီးစေပါ။။ အာမင်
"ငါ့ကို ယုံကြည်သောသူသည် ကျမ်းစာလာသည် အတိုင်း၊ အသက်ရေ ထွက်ရာ စမ်းရေတွင်း ဖြစ်လိမ့်မည်။" ( ယော ၇း၃၈ )
[သီတာ]

12345678910...0
၁၂၃၄၅၆၇၈၉၁၀...၀

## ဧည့်သည်

ဒီအခြေ
ရေဖုံ ဖုန်မယ်ဆို --
ခဲဗျက် ဆောင်ထားနိုင်ရဲ့ --

နှစ်ခါ မှားခွင့် ရှိတယ် ဆိုရင်လည်း
ဥပဒေ တစ်ခေါက်ပေါ့ ။

တစ်ခါ မှားခွင့် မရှိဘူး ဆိုရင်တော့
သေချာမှု ပေတံ သိဖို့ လိုလိမ့်မယ်။
နို့ဆို --
တေးကို သီလည်း မပြည်
လျှောက်ကာနေလည်း မရောက်
အကို အစုန်းမသိ
မျှော်ကာ နေရှာ့မည်။။
[ မြူးဒါး ]

## သုည ဖြစ်စဉ်

တစ်ဝက်န်း လို အဆင့်အတန်း မမြင့်ချင်ပါ။
နှစ်ဝက်န်း လို ညစ်နွမ်းမှာကိုလဲ စိုးကြောက်သူပါ။


သုံးဝက်န်း လို မလုံးဝန်း နိုင်တော့ပါ။
လေးဝက်န်း လိုလဲ ဘေးလမ်းကို ချော် မထွက်လိုပါ။

ငါးဝက်န်း လို အမှားလမ်းမှာ အက်မလျှောက်ချင်ပါ။
ခြောက်ဝက်န်း လိုလဲ ဖောက်ပြန်း မကျချင်ပါ။

ခုနစ်ဝက်န်း လို နှုနစ်မှာကို မလိုလားပါ။
ရှစ်ဝက်န်း လို အသစ်အဆန်းကို မမက်မောချင်ပါ။

ကိုးဝက်န်း လိုလဲ မအိုးသွစ်း လိုတော့ပါ။
တစ်ဆယ်ဝက်န်း လို အလွယ်လမ်း မလိုက်ချင်သူပါ။

အဲဒီလိုနဲ့ --
ကန့်ကိုး မရှိတဲ့ အဝ ကို
မြတ်နိုး မိတဲ့ ခန မှာ
တကယ်တော့
ကျွန်တော်က - သခင့် မေ့ ရောက်မှာ
ပုံမကျ တဲ့ သုည ဝက်န်း ပါ သခင်။။
မင်းအောင်သက်လွင်



# ဖေဖော်ဝါရီ သဝဏ်လွှာ

"အရှေ့ရပ်က … ရောင်နီဦး … ပေါ်ထွက်လို့ လင်းချိန်မှာ … မင်္ဂလာမောင်နှံ နှစ်ဦး … စုလျားရစ်ပတ်ကာ …" သံစဉ် မညီမညာနဲ့ တေးသွားလေးတစ်ပိုင်းတစ်စကို ကျေးရင်း အခန်းပြူတင်းပေါက်ကို ဖွင့်လိုက်ပြီး ၊ အပြင်ဘက်ကို လှမ်းကြည့်လိုက်တော့၊ ဒီနေ့ ညနေရဲ့ ဆည်းဆာ အလှဟာ အခြားသော ညနေဆည်းဆာများရဲ့ အလှတွေထက် ပိုလှပတယ်လို့ ခံစားမိပါတယ်။ ဟိုး … အနောက်ဘက် တောင်စွယ်ဆီကို ဟိုးဆင်းသွားတဲ့ နေဝါမင်းကြီးကို နှုတ်ဆက်ရင်း နာရီလက်တံ တစ်ပါတ်အရွေ့ ရောက်လာရင်၊ အရှေ့ဘက် တောင်ကုန်းတွေဆီမှ ပြူထွက်လာမဲ့ ရွှေနေမင်းကို ကြိုဆိုဖို့ ရင်ခုန်မိပါတယ်။

"အချိန်သည် စောင့်မျှော်နေသော သူများအတွက် ကြန့်ကြာလှန်းသည် "လို့ ဆိုထားတဲ့အတိုင်း ၊ မနက်ဖြန် "ချစ်သူများနေ့" မှာ ကျွန်မတို့ ချစ်သူနှစ်ဦး စုလျားရစ်ပတ် ဘဝနှစ်ခု ပေါင်းစည်းဖို့ ၊ အတမ်းတဆုံး အမျှော်လင့်ဆုံး နေ့ရက်ကို ရောက်လာတော့မှာပါလား။ အဲဒီနေ့ကို စောင့်စားလာရတာ ရာသီတွေ အလီလီ ပြောင်းလဲကုန်လို့ အချိန်တွေလည်း မရေတွက်နိုင်တော့ပါ။

အိမ်ထောင်ပြုဖို့၊ ချစ်ဟဲ့မိခင်ရဲ့ မီးစိမ်းအလာကို စိတ်ရှည်ရှည်နဲ့ စောင့်စားလာခဲ့ရသလို ချစ်သူနဲ့ ကျွန်မတို့ရဲ့ကြားပါတ်ဝန်းကျင်က ဂယက်လှိုင်းမျိုးစုံကို ငိုတစ်လှည့် ရယ်တစ်လှည့် ဖြတ်ကျော်လာခဲ့ရတာမို့လည်း ၊ ဒီပန်းတိုင်ဆီကို အရောက်လှမ်းချင်လှပါပြီ။ " ငါတို့ရဲ့ စိတ်ရှည်ခြင်းဟာ ၊ ငါတို့ရဲ့ ခွန်အားတွေထက် အောင်မြင်ခြင်းကို ပေးနိုင်တယ် " ဆိုတဲ့အတိုင်းဘဲ၊ ချစ်သူနဲ့ ကျွန်မတို့ရဲ့ ရုန်းကန်မှုများ အဆုံးမှာတော့ ၊ အောင်နိုင်သူရဲ့ အပြုံးနဲ့ မားမားမတ်မတ်ပြုံးပျော်နိုင်ခဲ့ပါပြီ။

ညအိပ်ယာဝင်ဖို့ ကိုယ်လက်သန့်စင်အပြီးမှာ ချစ်သူမမြင်နိုင်အောင် လနဲ့ချီပြီး ဝှက်ထားရတဲ့ သတိုးသမီးဝါဝန်လှလှလေးကို မနက်ဖြန် အဆင်သင့်ဝတ်နိုင်ဖို့ ဘီဒိုထဲကနေ အပြင်ဘက်ကို ဆွဲထုတ်ထားလိုက်ပါတယ်။ အခန်းရဲ့ အပြင်ဘက်မှာ " ဝင်ခွင့်မရှိ " ဆိုတဲ့ ဆိုင်းဘုတ်လေး ချိတ်ဆွဲထားလိုက်ပါတယ်၊ ဒါမှ အခန်းထဲကို ဝင်လာချင်ပေမဲ့ အပြင်မှာ ဆိုင်းဘုတ်ဖတ်ပြီးတာနဲ့ မကျေမချမ်းနဲ့ နောက်လှည့်ပြန်သွားရမဲ့ ချစ်သူရဲ့ အဖြစ်ကို မှန်းဆပြီး တိတ်တခိုးကြည်နူးမိခဲ့ပါတယ်။ ပြီးတော့ မိခင်ဆီက ရောက်လာတဲ့ စာကို ထုတ်ယူလိုက်ပြီးတော့ ပက်လက်ကုလားထိုင်ပေါ် အသာအယာထိုင်ချလိုက်ပါတယ်။ ပြီးတော့မှ အမေရေးလိုက်တဲ့စာကို အစက အဆုံးထိ ပြန်ဖတ်လိုက်ပါတယ်။ စာထဲမှာတော့ … …

*သို့ - ချစ်သော သမီးငယ်* လို့ အစပြုထားပါတယ်။ ဆက်လက်ပြီးတော့ အမေက - *မနက်ဖြန်အတွက် သမီးရင်ခုန်နေမယ်ဆိုတာ မေမေ သိပါတယ်။ ဘာဖြစ်လို့လည်းဆိုတော့ တချိန်တုံးက မေမေကိုယ်တိုင် အပျော်လွန်ပြီး လက်ထပ်ရမဲ့နေ့ကို ရင်ခုန်ခုန်နဲ့ စောင့်ဆိုင်းခဲ့ရလို့ အိပ်ရေးပျက်ခဲ့ဖူးပါတယ်။ ကဲ သမီးရေ ၊ မနက်ဖြန်ကစပြီး သမီးဟာ သမီးရဲ့ ချစ်သူအမျိုးသားရဲ့ ဇနီးမယား ဖြစ်သွားတော့မယ်။ သမီးဟာ မေမေတို့ရဲ့ သမီးတစ်ယောက် ဖြစ်နေဆဲပေမဲ့ သမီးကို မေမေတို့ မပိုင်တော့ဘူး။ အဖသင်းအုပ်ဆရာက သမီးတို့ ချစ်သူနှစ်ဦးကို အကြင်လင်မယား ဖြစ်သွားပြီလို့ အသိအမှတ်ပြုလိုက်တာနဲ့ ၊ သမီးရဲ့ ပထမဦးဆုံး သစ္စာ* **(Loyalty)** *ဟာ သမီးရဲ့ အမျိုးသားက ပိုင်ဆိုင်သွားပြီဖြစ်တယ်။ မေမေတို့ရဲ့ အိမ်ဟာ သမီးရဲ့ ခိုလှုံရာဘဲ မဟုတ်တော့သလို ခင်ပွန်းဖြစ်သူနဲ့အတူ အိမ်ထောင်သစ်ထူထောင်ဖို့အတွက် အိမ်ရှင်မကောင်း တစ်ယောက်ရဲ့ တာဝန်ထမ်းဆောင်ဖို့ မေမေတို့ကို ခွဲခွာပြီး အမျိုးသားဖြစ်သူနဲ့ ပေါင်းစည်းရပါတော့မယ်။ အဲဒီလို ပြောလိုက်တာဟာ မေမေတို့နဲ့ လုံးဝအဆက်အသွယ် ဖြတ်ရတော့မယ်လို့ ပြောတာမဟုတ်ဘူးနော်။ သမီးနဲ့ မေမေတို့ရဲ့ ဆက်ဆံမှု ဟာ တဆင့်ပြောင်းလဲသွားတာကို ဆိုလိုတာနော်။ အစက သမီးနဲ့ အမေတို့ရဲ့ကြားမှာရှိတဲ့ မေတ္တာဟာ မူလတန်းအဆင့်၊ အခုတော့ အလယ်တန်းအဆင့်ပေါ့ သမီး။ အခုအချိန်မှာ သမီးတို့ ဇနီးမောင်နှံရဲ့ မေတ္တာဟာ ဘုရားရှင် စောင့်ထိန်းမှု အောက်မှာ ဘဝတစ်လျှောက်လုံးအတွက် အရေးအကြီးဆုံး ဖြစ်သွားပါပြီ။*

*သမီးတို့ရဲ့ မင်္ဂလာခရီးစဉ်ဟာ ဘုရားရှင်အမှု ၊ ပြုပြီးတည်ဆောက်သွားရင် အရာရာကို ကျော်လွှားနိုင်မယ်။ ဒါမှမဟုတ်ရင် သာရေးနာရေး၊ လူမှုရေး၊ ငွေရေးကြေးရေးကိစ္စတွေမှာ လင်မယားနှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် နားလည်မှု လွဲရင် သာယာတဲ့အိမ်ထောင် ဖြစ်လာမှာ မဟုတ်ဘူး။ အခြားသောအမှု အရာတွေထက် သမီးတို့ရဲ့ အိမ်ထောင်သာယာဖို့က ပိုပြီးအရေးကြီးတာမို့ စစ်မှန်တဲ့မေတ္တာနဲ့ ဘဝနေ့ရက်များကို ဖြတ်သန်းကြပါလို့ မေမေ သတိပေးချင်ပါတယ်။ ဘုရားရဲ့ လူ့ရဲ့မှာ တစ်ဦးကိုတစ်ဦး ဆိုခဲ့တဲ့သစ္စာတွေကို အစဉ်အောက်မေ့ပြီး အပြင်လူတစ်ယောက်ယောက်ဖြစ်စေ၊ အပြင်ကိစ္စတစ်ခုခုဖြစ်စေ သမီးတို့ရဲ့ အိမ်ထောင်ထဲကို ဝင်ရောက်နှောက်ယှက်ခြင်း မရှိစေဖို့ တားမြစ်ကြပါ။ အိမ်ထောင်ဟာ အချိန်ယူပြီး တည်ဆောက်သွားရမှာဖြစ်တဲ့အတွက် လုပ်ငန်းဆောင်တာတွေ ဘယ်လောက်များများ နှစ်ကိုယ်တူအချိန်ယူဖို့ သီးသန့်အချိန်သတ်မှတ်ပြီး မေတ္တာဖွဲ့ခြင်း၊ ဂုယ်မောခြင်း၊ အတူကစားခြင်း၊ အိမ်တွင်းအိမ်ပြင် လုပ်ဆောင်စရာများ အတူတကွ လုပ်ဆောင်ခြင်းများ၊ ဘုရားကျောင်းအတူသွားခြင်း၊ အတူတကွ ဆုတောင်းခြင်းများကို ပြုကြပါလို့မှာချင်တယ်။*

*အထူးသတိရစေလိုတာကတော့ သိချင်းစာသားရှိပေမဲ့ သီဆိုချီးမွမ်းခြင်း မရှိရင် သီချင်း မမည်ပါ။ ဒီလိုပါဘဲ ခေါင်းလောင်းရှိပေမဲ့ တီးခတ်ခြင်းမရှိလျှင် သာယာနာပျော်ဖွယ် ခေါင်းလောင်းသံ မကြားရသလို သမီးတို့မှာရှိတဲ့ အချစ်မေတ္တာဟာ ရင်ထဲမှာဘဲ သိမ်းထားပြီး တစ်ယောက်ကိုတစ်ယောက် မဖော်ပြ မပေးဝေကြဘူးဆိုရင် အချစ်ဆိုတာ အရောင်မဲ့မှာ သေချာတယ် သမီး။* **Dr. Desmond Morris** *ကဘယ်လိုပြောထားလဲဆိုတော့ ထိမ်းမြားခြင်းဆိုသည်မှာ အမျိုးသားနဲ့ အမျိုးသမီး ဘဝတစ်ခု အတူဖန်တီးဖို့ သဘောတူညီစွာ ချည်နှောင်ထားတဲ့ ထုံးတစ်ခု၊ ကမ္ဘာကြီးထဲက လူတွေအားလုံးအထဲမှာ ဒီချစ်သူနှစ်ဦးကို သီးသန့်ပေါင်းစည်းထားခြင်း ဖြစ်တယ်တဲ့။*

သင်ခန်းစာ ၄-၇၉

မေမေတို့ ခရစ်ယာန်တွေကျတော့ ခုလျှားရစ်ပတ်ခြင်းကို ဘုရားရှင်ပေးတဲ့ ကောင်းချီး၊ ထိမ်းမြားခြင်းနှင့် ဆိုင်သော သာယာပျော်ရွှင်မှု သည် ဘုရားရှင် ထံမှ ရရှိသော လက်ဆောင်မွန်အဖြစ် ခံယူထားပါတယ်။

( သုတ္တံ ၅း၁၈ ) သင့်စမ်းရေတွင်း၌ မင်္ဂလာရှိစေ၍ အသက်အရွယ်ပျိုစဉ်ကာလ ပေါင်းဖော်သော မယားနှင့် အတူ ပျော်မွေ့လော့။ ( သုတ္တံ ၅း၁၉၊ ရှောလမုန် သီချင်း ၇း၆-၁၂ ) ဒီတော့ သမီးတို့ ငြင်းခုန်ရန်တွေ့ခြင်းများကို အထူးသဖြင့် ရှောင်ကြဉ်ကြရမှာဖြစ်တယ်။

( သုတ္တံ ၁၇း၁၄ ) ရန်မတွေ့မှီ တွေ့ရာအကြောင်းကို ရှောင်လော့။

(ကော ၃း၁၃ ) တစ်ယောက်နှင့်တစ်ယောက် အပြစ်တင်စရာအခွင့်ရှိလျှင် အချင်းချင်းသည်းခံ၍ အပြစ်ကို လွှတ်ကြလော့။( သုတ္တံ ၁၇း၁၉၊ ၂၁း၁၉၊ ၂၇း၁၅၊ ဝိ ၂း၃ )

နောက်ဆုံး မေမေ မှာချင်တာကတော့ စံမှန်တဲ့ ခရစ်ယာန် အိမ်ထောင်ဖြစ်စေဖို့

ကော ၂း၂ ( မေတ္တာခြင်း ထုံးဖွဲ့၍ - - - - စိတ်နှလုံး သက်သာစေမည့် အကြောင်း - - )

၁ပေ ၄း၈ ( အခြားသော အမှု အရာထက်မက အချင်းချင်း အားကြီးသော ချစ်ခြင်းမေတ္တာရှိစေလော့။ ) ၁တိ ၃း၄-၅ ၊ ၁ပေ ၃း၇

ဒီတော့ - သမီးနဲ့ သားတို့ အစဉ်မပြတ် ဆက်ကပ် ဆုတောင်းခြင်းအမှု ပြုလျှက် သာယာအောင်မြင်တဲ့ ခရစ်ယာန်အိမ်ထောင် တည်ထောင်နိုင်ပါစေလို့ မေမေ ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ အာမင် -----

အဝေးတစ်မြေမှ - - - ချစ်သော - - မေမေ

အမေ့ရဲ့ စာကို ဖတ်လို့အပြီးမှာ ခွန်အားသစ် အပြည့်နဲ့၊ လာမဲ့ မနက်ဖြန် ခရီးစဉ်အတွက် စိတ်လှုပ်ရှားစွာဖြင့် * * * *

( ကြင်စဦး ဇနီးမောင်နှံ မိတ်ဆွေများနဲ့ ချစ်သူစုံတွဲ မိတ်ဆွေများအတွက် " ချစ်သူများအနေ့ " အမှတ်တရအဖြစ် **Richard Exley** ရဲ့ **Forever in love** ကို အနည်းငယ် မှီငြမ်း ရေးသားထားခြင်း ဖြစ်ပါသည်။ )

ခရစ်တော်၌ **[ နော်အေမီထွန်း ]**




"ငါသည် သေလောက်အောင် စိတ်နှလုံး အလွန်ညှိုးငယ်ခြင်းရှိ၏။ " ဒီစကားကို ဘုရားရဲ့ သားတော်ဖြစ်တဲ့ သခင်ယေရှုကိုယ်တိုင် နှုတ်ကနေ ဖွင့်ဟပြီးတော့ သူ့ရဲ့ တပည့်များကို ပြောကြားခဲ့ပါတယ်။ သခင်ယေရှုဟာ မကြာခင်မှာ သူထမ်းရတော့မဲ့ လက်ဝါးကပ်တိုင်ကို ကြိုတင် မြင်ယောင်နေပါတယ်။ လူတွေရဲ့ ကဲ့ရဲ့ ပြစ်တင်မှု၊ တံတွေးထွေးပြီး ရိုက်ပုတ်မှု၊ ကြာပွတ်နဲ့ အရိုက်ခံရမှု၊ ဆူးခေါင်းသရဖူကို ခေါင်းမှာ အဆောင်းခံရမဲ့ အဖြစ်၊ လက်ဝါးကပ်တိုင်ကို ထမ်းပြီးနောက်ဆုံး ကရာနီတောင်ပေါ်မှာ လက်နဲ့ခြေကို သံမှိုနှက်ခံရပြီး သုံးနာရီလုံးလုံး ချိတ်ဆွဲခံရတော့မဲ့ အဖြစ်တွေကို ကြိုတင်ပြီးတော့ သိနေခဲ့ပါတယ်။

သူ့ရဲ့ ပူပန်ခြင်း ၊ စိုးရိမ်ခြင်း ဘယ်လောက်ကြီးမား နေသလဲဆိုတာ စဉ်းစားလို့တောင် မရနိုင်ပါဘူး။ ကြိုတင်ပြီး သိထားတဲ့အတွက် ကြိုတင်ပြီးတော့ ပူပန်ခြင်း ဝေဒနာကိုခံစားရပါတယ်။ ဒါ့ကြောင့် သခင်ယေရှုဟာ ဆုတောင်းဖို့အတွက် ဂေသရေမန် အရပ်ကို တပည့်တော်များနဲ့ သွားရောက်ခဲ့ပါတယ်။ တပည့်တော်များကို သူနဲ့အတူ စောင့်နေကြဖို့ ပြောပြီး ဆုသွားတောင်းပါတယ်။ ခံစားရတော့မဲ့ ဝေဒနာက ကြီးမားလွန်းတဲ့အတွက် စိတ်နှလုံးကြေကွဲစွာနဲ့ " အကျွန်ုပ်အဖ၊ ဤခွက်သည် အကျွန်ုပ်ကို လွန်သွားနိုင်လျှင် လွန်သွားပါစေသော။ သို့သော်လည်း အကျွန်ုပ် အလိုရှိသည် အတိုင်းမဖြစ်ပါစေနှင့်။ ကိုယ်တော် အလိုရှိသည် အတိုင်းဖြစ်ပါစေသော။ " လို့ ဆုတောင်းတော်မူခဲ့ပါတယ်။

သခင်ယေရှုဟာ သူ့ရဲ့ စိတ်နှလုံးကြေကွဲမှုကို ဖြေသိမ့်စေလိုတဲ့ သဘောနဲ့ တပည့်တော်များကို ခေါ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ ဆုတောင်းပြီးလို့ပြန်လာတဲ့ အချိန်မှာ တပည့်တော်တွေဟာ သူ့ကို နှစ်သိမ့်ဖို့ဝေးလို့ ၊ အိပ်ပျော်နေခဲ့ကြပါတယ်။ အဲဒီအချိန်မှာ သခင်ယေရှုက သူတို့ကို ဘာပြောခဲ့သလဲဆိုတော့၊ " သင်တို့သည် တစ်နာရီခန့်မျှ ငါနှင့်အတူ စောင့်၍ နေခြင်းငှာ မစွမ်းနိုင်သလော " လို့ ပြောခဲ့ပါတယ်။


ကျွန်ုပ်တို့အသက်တာမှာလည်း လောကီ အမှုရေးရာတွေနဲ့ဘဲ အချိန်ကုန်နေပါတယ်။ ကိုယ်တော်ပေးထားတဲ့ တစ်နေ့လုံး ( ၂၄ နာရီ လုံးလုံး ) စားလိုက် သောက်လိုက် အလုပ်သွား၊ ကျောင်းသွား၊ အပန်းဖြေ တာနဲ့ဘဲ အချိန်စာရင်းတွေက ပြည့်နေပြီး ဘုရားသခင်အတွက် ပေးဖို့ အချိန်မရှိတော့ပါဘူး။ မနက်ဝတ်ပြုဖို့ မပြောပါနဲ့ ကျမ်းစာလေးဖတ်ဖို့တောင် အချိန်သိပ်မရလို့ ကပိုကရိုဖတ်ပြီး ကျောင်း၊ ရုံးကို ပြေးရတဲ့အခြေအနေတွေ ဖြစ်နေပါတယ်။ ညဘက်ကျတော့လည်း တနေကုန် ပင်ပန်းထားလို့ ခြေလက်ဆေး အနားယူပြီး ဘုရားရှင်နဲ့ စကားပြောဖို့အချိန်မရှိဘဲ၊ ပဌနာတော် လောက်ဘဲ ရွတ်ပြီး အိပ်ယာဝင်ခဲ့ပေါင်း မနည်းတော့ပါဘူး။


ဘုရားသခင်ကတော့ ကျွန်ုပ်တို့ ပြုလုပ်ခဲ့တဲ့ အပြစ်ဒုစရိုက်တွေ လောကီရေးရာတွေအတွက် အချိန်ကုန်နေတာကို ကြည့်ပြီးတော့ လူသားတွေရဲ့ ဝိညာဉ်ရေးရာ အသက်တာအတွက် စိတ်နှလုံး ပူပန်ကြေကွဲနေပါတယ်။ လူသားတွေခံစားရမဲ့ အပြစ်ဒဏ်တွေအတွက် သနားခြင်းကရုဏာကြီးစွာနဲ့ စိတ်နှလုံးညှိုးငယ်မှုဆွေးနေပါတယ်။ ဘုရားရှင်ဟာ သူ့ရဲ့ ကြေကွဲနေတဲ့ နှလုံးသားကို ဖြေသိမ့်၊ နှစ်သိမ့်စေဖို့အတွက် ကျွန်ုပ်တို့ဆီက အချိန်တစ်နာရီလေးကို သူနဲ့ အတူနေပေးဖို့ အားလုံးကို တောင်းဆိုနေပါတယ်။ " တစ်နာရီလေးတောင် ငါနဲ့အတူ မနေနိုင်ဘူးလား " လို့ ဘုရားရှင်မေးနေပါတယ်။

သင်နဲ့ ဘုရားသခင် နှစ်ဦးတည်းအတူ တွေ့ဆုံဖို့အချိန် ဖြစ်ပါတယ်။ အဲဒီအချိန်မှာ သင့်ဘက်က ဘုရားရှင်ဆီမှာ ရင်ဖွင့်ပြောပြချင်တာတွေ၊ ဖြစ်ချင်တာတွေ၊ လိုအပ်ချက်၊ ခံစားချက် အားလုံးကို ဘုရားသခင်ဆီမှာ ပွင့်ပွင့်လင်းလင်း ဖွင့်ဟပြောဆိုလို့ ရပါတယ်။ ဒါ့ပြင်မကဘဲ ဘုရားရှင်ရဲ့ ညွှန်ကြားချက်တွေ၊ လမ်းညွှန်မှုတွေ၊ မိန့်မှာချက်တွေ အားလုံးကို ရှင်းရှင်းလင်းလင်းသိဖို့ တောင်းလျှောက်နိုင်ပါတယ်။ ဘုရားရှင်ကလည်း သင်ပြောမဲ့ စကားတွေကို နားထောင်ချင်နေပါတယ်။

ဘုရားသခင်ကတော့ သင့်ကို အချိန်တိုင်းမှာ နွေးထွေးစွာ ကြိုဆိုနေပါတယ်။ သင်နဲ့အတူ တစ်နာရီ အတူတူစကားပြောမဲ့အချိန်ကို စောင့်မျှော်နေပါတယ်။ ဘုရားသခင်ဘက်ကတော့ အဆင်သင့်ဘဲ။ သင့်ဘက်ကသာ အကြိုက်ဆုံးသော ဘုရားသခင်နဲ့ နှစ်ဦးတည်းတွေ့ဆုံ ပြောဆို ဆွေးနွေးရမယ့် အချိန်တစ်နာရီကို ပေးဆပ်ဖို့လိုပါတော့တယ်။ ဘုရားရှင်ရဲ့ အချိန်တစ်နာရီကို ဘုရားရှင်အတွက် ပေးဆပ်ကြပါစို့။ ။ ( ၇၂၂း၇၂၂ )


ဟင်း ... 
ကြီး သောက်တာ။
ကျုပ် ကနေ့ တိုင်း
နေတယ်...
ဟင်း ဟင်း ...


(* ကြီးဒေါ် ကလဲ -
ယုံကြည်ခြင်း နည်းလှသူပါလား...)
အတွေး -
ကာတွန်း -


BUY 1, GET 1 FREE
30% OFF
80%
DISCOUNT
70% OFFER DISCOUNT
OFFER
FREE
FREE
OFFER
DISCOUNT 80%
80% FREE
BUY ONE GET ONE
DISCOUNT
FREE
FREE